# ကလေးကားထိုင်ခုံရွေးချယ်မှု လမ်းညွှန်

THE SAFE MOBILITY PROJECT

Akron Children's GOODYEAR FOUNDATION

**4 - 40 ပေါင်**
အတွင်းရှိပြီး အောက်တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်

**4 ပေါင် အောက်**
အကူအညီရယူရန် ဖုန်းခေါ်ဆိုပါ

**40 - 65 ပေါင်**
အတွင်းရှိပြီးအောက်တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်

**65 - 120 ပေါင်**
အတွင်းရှိပြီးအောက်တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်

**120 ပေါင်+**

**နောက်ဘက်သို့ မျက်နှာမူ၍ တပ်ဆင်ရသည့် သိုင်းကြိုးပါ ကလေးကားထိုင်ခုံ**

**ရှေ့ဘက်သို့ မျက်နှာမူ၍ တပ်ဆင်ရသည့် သိုင်းကြိုးပါ ကလေးကားထိုင်ခုံ**

**ထိုင်ခုံခါးပတ်ကို နေရာချပေးနိုင်သည့် ထိုင်ခုံ**

**အဆင့် 5 ဆင့်ပါ စစ်ဆေးမှုကို အောင်မြင်သည်**

**မဟုတ်**
အကူအညီရယူရန် ဖုန်းခေါ်ဆိုပါ

**ဟုတ်**
ကလေးခုံ မလိုအပ်ပါ

လူကြီးထိုင်ခုံကို အသုံးပြုသည် ထိုင်ခုံခါးပတ်



နောက်ဘက်သို့မျက်နှာမူ၍သာ တပ်ဆင်နိုင်သော မွေးကင်းစကလေးကားထိုင်ခုံ

29 လက်မအောက်



နောက်ဘက်သို့ မျက်နှာမူ၍ တပ်ဆင်ထားပြီး၊ ရှေ့နောက် အပြောင်းအလဲပြုလုပ်နိုင်သည့် ကလေးကားထိုင်ခုံ

19-43 လက်မ အတွင်း



ရှေ့ဘက်သို့မျက်နှာမူ၍ တပ်ဆင်ထားပြီး၊ ရှေ့နောက် အပြောင်းအလဲပြုလုပ်နိုင်သည့် ကလေးကားထိုင်ခုံ

35-49 လက်မ အတွင်း
အနည်းဆုံးအသက် 2 နှစ်ပြည့် ပြီးဖြစ်ရမည်



ကျောမှီအမြင့်ပါ ကလေး ကားထိုင်ခုံအကြီး

44-60 လက်မ အတွင်း
အနည်းဆုံးအသက် 5 နှစ်ပြည့် ပြီးဖြစ်ရမည်



ကျောမှီမပါသော ကလေး ကားထိုင်ခုံအကြီး

44-60 လက်မ အတွင်း
အနည်းဆုံးအသက် 5 နှစ်ပြည့်ပြီးဖြစ်ရမည်

ကားထိုင်ခုံများအားလုံးသည် အမျိုးအစားတစ်ခုနှင့် တစ်ခုတူညီနိုင်မည်မဟုတ်ပါ။ သင်၏ ကလေးကားထိုင်ခုံ၏ အသေးစိတ်အချက်အလက်များအတွက် ပိုင်ရှင်လက်စွဲစာစောင်ကို ကျေးဇူးပြု၍ ကိုးကားပါ။

အဆင့် 5 ဆင့်ပါ စစ်ဆေးမှုနှင့် နောက်ထပ်အသေးစိတ်အချက်အလက်များ >

# သင့်ကလေးသည် ကလေး ထိုင်ခုံအကြီးကို လိုအပ်နေဆဲ ဖြစ်ပါသလား။

## အဆင့် 5 ဆင့်ပါ စစ်ဆေးမှု

**(အသက် 8 နှစ်နှင့်အထက် ကလေးများအတွက်)**

မော်တော်ကားတစ်စီးနှင့် တစ်စီး မတူညီနိုင်သောကြောင့် အဆင့် 5-ဆင့်ပါ စစ်ဆေးမှုကို ပြုလုပ်ရန် လိုအပ်ပါသည်

1. သင့်ကလေးသည် ကားထိုင်ခုံပေါ်တွင် ကျောမှီ၍ ထိုင်နိုင်ပါသလား။
2. သင့်ကလေး၏ ဒူးသည် ကားထိုင်ခုံအစွန်းတွင် သက်သောင့်သက်သာကွေး၍ ရပါသလား။
3. ထိုင်ခုံခါးပတ်သည် သင့်ကလေး၏ လည်ပင်းနှင့် လက်မောင်းကြားအတိုင်း ပခုံးကို ကန့်လန့်ဖြတ်သွားပါသလား။
4. ပေါင်ကိုပတ်သည့် ခါးပတ်ကြိုးသည် အနိမ့်ဆုံးအနေအထားတွင် ရှိပါသလား၊ ပေါင်များနှင့် ထိနေပါသလား။
5. သင့်ကလေးသည် ခရီးစဉ်တလျှောက်လုံး ဤအတိုင်း ထိုင်ပြီး လိုက်ပါနိုင်ပါသလား။

**မဟုတ်**

အကယ်၍ အထက်ပါမေးခွန်းများထဲမှ တစ်ခုခုကို "မဟုတ်"ဟု ဖြေဆိုပါက သင့်ကလေးသည် ကလေးထိုင်ခုံလိုအပ်နေဆဲဖြစ်သည်။

**ဟုတ်**

အကယ်၍ အဖြေအားလုံးကို "ဟုတ်"ဟု ဖြေဆိုပါက သင့်ကလေးသည် အဆင့်ငါးဆင့်ပါ စစ်ဆေးမှုကို အောင်မြင်ပြီး ကလေးထိုင်ခုံမလိုအပ်တော့ပါ။

## မွေးကင်းစကလေးကားထိုင်ခုံ



### နောက်ဘက်သို့ မျက်နှာမူ၍ တပ်ဆင်ရသည့် သိုင်းကြိုးပါ ကလေးကားထိုင်ခုံ

ဤထိုင်ခုံများသည် ပုံမှန်အားဖြင့် 4 ပေါင်မှ ပေါင် 30 ကြားရှိ ကလေးများနှင့် ကိုက်ညီသော်လည်း ကားထိုင်ခုံတစ်မျိုးနှင့် တစ်မျိုးမတူညီနိုင်ပါ။ ကလေးကားထိုင်ခုံအချို့ကို ကလေး၏ ကိုယ်အလေးချိန် 4 ပေါင် အရွယ်မှ စစီးနိုင်ပြီး အချို့က 5 ပေါင်အရွယ်မှ စစီးနိုင်သည်၊ ထိုထိုင်ခုံများကို ကလေး၏ ကိုယ်အလေးချိန် 22 ပေါင် သို့မဟုတ် ပေါင် 30 အရွယ်အထိ စီးနိုင်ပါမည်။ ထိုင်ခုံများကို ကား၏နောက်ဘက်သို့ အမြဲမျက်နှာမူ၍ တပ်ဆင်ရပါမည်။ ကလေးတစ်ဦးသည် ဤထိုင်ခုံ၏ အရပ် သို့မဟုတ် အလေးချိန် ကန့်သတ်ချက်သို့ ရောက်ရှိသောအခါ သူ သို့မဟုတ် သူမအား နောက်ဘက်သို့ မျက်နှာမူ၍ တပ်ဆင်ထားပြီး၊ ရှေ့နောက်အပြောင်းအလဲပြုလုပ်နိုင်သည့် ကလေးကားထိုင်ခုံသို့ ပြောင်းသုံးသင့်ပါသည်။ ဤထိုင်ခုံကို ကားထိုင်ခုံခါးပတ် သို့မဟုတ် ကားထိုင်ခုံအောက်ဘက်ရှိ ချိတ်တန်းများကို အသုံးပြု၍ တပ်ဆင်နိုင်ပါသည်။ နောက်ထပ်အချက်အလက်များကို သိရှိနိုင်ရန်အတွက် သင့်ထိုင်ခုံ၏ လက်စွဲစာအုပ်ကို ကြည့်ရှုပါ။

## ရှေ့နောက်အပြောင်းအလဲပြုလုပ်နိုင်သည့် ကလေးကားထိုင်ခုံ





### ဤထိုင်ခုံကို ကားထိုင်ခုံခါးပတ် သို့မဟုတ် အောက်ချိတ်တန်း (LATCH) စနစ်အသုံးပြု၍ တပ်ဆင်နိုင်ပါသည်။

ဤထိုင်ခုံများသည် ပုံမှန်အားဖြင့် 5 ပေါင်မှ 65 ပေါင်အတွင်းရှိ ကလေးများအတွက် သင့်တော်ပါသည်။ ကလေးအားလုံးသည် ပြောင်းလဲအသုံးပြုနိုင်သည့် ကားထိုင်ခုံ၏ နောက်သို့မျက်နှာမူအသုံးပြုသည့် အရပ်အမြင့် သို့မဟုတ် အလေးချိန် ကန့်သတ်ချက်သို့ မရောက်မချင်း၊ ယာဉ်၏ နောက်ဘက်သို့ မျက်နှာမူသောထိုင်ခုံတွင် ထိုင်သင့်ပါသည်။ ကလေးသည် ကားထိုင်ခုံ၏ နောက်သို့မျက်နှာမူအသုံးပြုသည့် အရပ်အမြင့် သို့မဟုတ် အလေးချိန် ကန့်သတ်ချက်သို့ ရောက်ရှိချိန်တွင် ပြောင်းလဲအသုံးပြုနိုင်သည့် ကားထိုင်ခုံကို ရှေ့ဘက်သို့ မျက်နှာမူအောင် လှည့်၍ တပ်ဆင်နိုင်ပါသည်။ ဤထိုင်ခုံကို ကားထိုင်ခုံခါးပတ် သို့မဟုတ် အောက်ချိတ်တန်းစနစ်အသုံးပြု၍ တပ်ဆင်နိုင်ပါသည်။ ရှေ့ဘက်သို့ မျက်နှာမူ၍ တပ်ဆင်ရာတွင် အပေါ်ဘက်ရှိ ချိတ်တန်းများကို အသုံးပြု၍ တပ်ဆင်ပါ။ ကလေးတစ်ဦးသည် ဤထိုင်ခုံ၏ အရပ် သို့မဟုတ် အလေးချိန် ကန့်သတ်ချက်သို့ ရောက်ရှိသောအခါ သူ သို့မဟုတ် သူမသည် ကလေးကားထိုင်ခုံအကြီးကို ပြောင်းလဲအသုံးပြုသင့်ပါသည်။ နောက်ထပ်အချက်အလက်များကို သိရှိနိုင်ရန်အတွက် သင့်ထိုင်ခုံ၏ လက်စွဲစာအုပ်ကို ကြည့်ရှုပါ။

## ကျောမှီအမြင့်ပါ ကလေးကားထိုင်ခုံအကြီး သို့မဟုတ် ကျောမှီမပါသော ကလေးကားထိုင်ခုံအကြီး





### ထိုင်ခုံခါးပတ်ကို ချိန်ညှိပြီး နေရာချပေးနိုင်သည့် ကလေးကားထိုင်ခုံအကြီး

ရှေ့ဘက်သို့ မျက်နှာမူသည့် သိုင်းကြိုးပါ ကလေးကားထိုင်ခုံ၏ အရပ် သို့မဟုတ် အလေးချိန် ကန့်သတ်ချက်ထက် ကျော်လွန်နေသော ကလေးများအတွက် ဤထိုင်ခုံများကို အသုံးပြုပါ။ ကလေးကားထိုင်ခုံအကြီးသည် ခါးပတ်ကြိုးပတ်သည့်အခါ ကလေး၏ လည်ပင်းနှင့် မထိမိစေရန် ကလေးအား သင့်တော်သော အမြင့်သို့ မြှင့်တင်ပေးပါသည်။ ဤထိုင်ခုံတွင် ဖယ်ရှားနိုင်သော နောက်မှီနှင့် ခါးပတ်နေရာချိန်ညှိပေးသည့် လမ်းကြောင်းပါရှိနိုင်ပါသည်။ ခါးပတ်နေရာကို ချိန်ညှိပေးသည့် လမ်းကြောင်းသည် ကလေး၏ လည်ပင်းကို ထိုင်ခုံခါးပတ်ကြိုးမထိမိစေရန် ကူညီပေးသည်။ ကလေးသည် လုံလောက်သော အရပ်အမြင့်သို့ ရောက်ရှိလာသည့်အခါ ၊ လည်ပင်းကို ထိုင်ခုံခါးပတ်နှင့် မထိမိစေရန် ကူညီပေးသည့် ခါးပတ်နေရာ ချိန်ညှိကိရိယာကို အသုံးပြုရန် လိုအပ်တော့မည် မဟုတ်ပါ။ ထိုအခါတွင် ကျောမှီကို ဖယ်ရှားပြီး ဤထိုင်ခုံကို ကျောမှီမပါသော ကလေးကားထိုင်ခုံအကြီးအဖြစ် အသုံးပြုပါ။ အကယ်၍ ကားတွင် ခေါင်းမှီအထိုင်တွဲလျက်ပါသော ကားထိုင်ခုံမပါရှိပါက ကျောမှီအမြင့်ပါ ကလေးကားထိုင်ခုံအကြီး လိုအပ်ပါသည်။ ကလေးများသည် အနည်းဆုံး အသက် 8 နှစ် သို့မဟုတ် အရပ် 4 ပေ 9 လက်မရှိပြီး အဆင့် 5 ဆင့်ပါ စစ်ဆေးမှု မအောင်မြင်မချင်း ပုံမှန်ကားထိုင်ခုံနှင့် ထိုင်ခုံခါးပတ်ကို အသုံးမပြုသင့်ပါ။

## အကူအညီရယူရန်-

330-543-8942 သို့ ဖုန်းခေါ်ဆိုပါ | SafeMobilityProject.com

အသက် 13 နှစ်အောက် ကလေးအားလုံးသည် ယာဉ်များ၏ နောက်ထိုင်ခုံတွင် ခါးပတ်ပတ်၍ ထိုင်ရန် အမေရိကန်ကလေးဆရာဝန်များဆိုင်ရာ အဖွဲ့အစည်း (American Academy of Pediatrics, AAP) နှင့် Akron Children's Hospital တို့က အကြံပြုထားပါသည်။

မူပိုင်ခွင့် © Akron Children's Hospital ။ မူပိုင်ခွင့်အားလုံးထိန်းသိမ်းပြီး။

20260305 တွင် အပ်ဒိတ်လုပ်ခဲ့သည်